# ၀မ္မခန္တာ (၆၆) တားမြစ်ခြင်း (အတ်–တဟ်ရီးမ်)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၇)၊ သုတ်ဒေသနာ (၁၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၃၃း၃၇ | **يَا أَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَا أَحَلَّ اللَّهُ لَكَ تَبْتَغِي مَرْضَاتَ أَزْوَاجِكَ وَاللَّهُ غَفُورٌ رَّحِيمٌ۞**<br>အို သတင်းတော်ဆောင်၊ ပရမတ်ဘုရားရှင်က တရားဝင်ပြုထားသည်ကို တရားမဝင်ဟု အဘယ်ကြောင့် ပြုသနည်း။ သင့်အပေါ်၌ သင့်ပေါင်းဖေါ်များ၏☆ ကျေနပ်မှုကို ရှာမှီးသလော။ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၁၀၆၅] |
| ၂။ | **قَدْ فَرَضَ اللَّهُ لَكُمْ تَحِلَّةَ أَيْمَانِكُمْ وَاللَّهُ مَوْلَاكُمْ وَهُوَ الْعَلِيمُ الْحَكِيمُ۞**<br>သင်တို့၏ ကျိန်ဆိုချက်များအား ချေဖျက်နိုင်ရန် ပရမတ်ဘုရားရှင်က ပြဋ္ဌာန်းပေးတော်မူပြီ။ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ကွပ်ကဲသူ ဖြစ်၏။ အရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၃။ | **وَإِذْ أَسَرَّ النَّبِيُّ إِلَى بَعْضِ أَزْوَاجِهِ حَدِيثًا فَلَمَّا نَبَّأَتْ بِهِ وَأَظْهَرَهُ اللَّهُ عَلَيْهِ عَرَّفَ بَعْضَهُ وَأَعْرَضَ عَن بَعْضٍ فَلَمَّا نَبَّأَهَا بِهِ قَالَتْ مَنْ أَنبَأَكَ هَذَا قَالَ نَبَّأَنِيَ الْعَلِيمُ الْخَبِيرُ۞**<br>သတင်းတော်ဆောင်သည် သူ၏ ပေါင်းဖေါ်များမှ အချို့ကို တီးတိုး ဆင့်ပြန်၏။ သူမသည် ၎င်းကို ထုတ်ပြန်သောအခါ၊ ပရမတ်ဘုရားရှင်က သူ့အား ဖေါ်ထုတ်ပေးတော်မူ၍ သူက ထိုအကြောင်းချက်မှ တစ်စွန်းတစ်စကို ဖေါ်ပြလျှက် တစ်စွန်းတစ်စကို ချန်ထား၏၊ ထိုအခါ သူမက “ဤအကြောင်းကို မည်သူက သင့်အား သတင်းပေးသနည်း၊”ဟု ဆိုသော်၊ သူက “သိနေတော်မူသော၊ သတင်းရနေတော်မူသော အရှင်က ကျွန်ုပ်အား သတင်းပေး၏၊”ဟု ပြောဆို၏။ |
| ၄။<br>☆၂း၉၇<br>★၂း၃၀ | **إِن تَتُوبَا إِلَى اللَّهِ فَقَدْ صَغَتْ قُلُوبُكُمَا وَإِن تَظَاهَرَا عَلَيْهِ فَإِنَّ اللَّهَ هُوَ مَوْلَاهُ وَجِبْرِيلُ وَصَالِحُ الْمُؤْمِنِينَ وَالْمَلَائِكَةُ بَعْدَ ذَلِكَ ظَهِيرٌ۞**<br>သင်တို့သည် ပရမတ်ဘုရားရှင်ထံ၌ ခဝါချကြလျှင်၊ သင်တို့နှစ်ဦး၏ နှလုံးသားသည် တိမ်းညွတ်စေလိမ့်မည်။ အကယ်၍ ၎င်းအား ဆန့်ကျင်ရန် ကျောထောက်နောက်ခံပြုကြလျှင်၊ ဧကန်ပင် ပရမတ်ဘုရားရှင် – အရှင်သည် သူ၏ ကွပ်ကဲသူ ဖြစ်၏။ ထို့ပြီးနောက် မြတ်သောဥဂ္ဂဏ်စဉ်၊☆ ပြုပြင်ပြောင်းလဲသော ယုံကြည်သူများနှင့် နိမိတ်ဆောင်တို့သည်★ သူ့အား ကျောထောက်နောက်ခံပြုသူများ ဖြစ်ကြ၏။ |
| ၅။ | **عَسَى رَبُّهُ إِن طَلَّقَكُنَّ أَن يُبْدِلَهُ أَزْوَاجًا خَيْرًا مِّنكُنَّ مُسْلِمَاتٍ مُّؤْمِنَاتٍ قَانِتَاتٍ تَائِبَاتٍ عَابِدَاتٍ سَائِحَاتٍ ثَيِّبَاتٍ وَأَبْكَارًا۞**<br>အကယ်၍ သူက သင်တို့အား လမ်းခွဲခဲ့သော်၊ သင်မတို့ထက် ကောင်းမြတ်သော ကြင်ဖေါ်တို့ကို သူ့အား ကံကြမ္မာရှင်က– အစားပေးနိုင်ကောင်း၏။ သူမတို့သည် ငြိမ်းချမ်းရေးဝါဒီမ၊ ယုံကြည်သူမ၊ ရိုကျိုးသူမ၊ ခဝါချသူမ၊ |

(၁၀၆၅) ဤသုတ်ဒေသနာတော်သည် ဥပဒေ၏ အပေါ်၌ မည်သူမှ မဖြစ်ရဟူသော နိယာမအား ပီပြင်စွာ ပြဋ္ဌာန်းပေးသော ဥပဒေပင် ဖြစ်ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်ပင် ကျမ်းတော်ပါ ဥပဒေများကို တစ်စွန်းတစ်မှမျှ ဖီဆန်ခွင့် မရှိကြောင်းကို တိတိကျကျ ဖေါ်ပြထားပေသည်။

| | |
|---|---|
| | ဝတ်ကျေ သူမ၊ သီလမြဲသူမ၊ မုဆိုးမနှင့် အပျိုစင်များ ဖြစ်ကြ၏။[၁၀၆၆] |
| ၆။ | **يَا أَيُّهَا الَّذِينَ آمَنُوا قُوا أَنفُسَكُمْ وَأَهْلِيكُمْ نَارًا وَقُودُهَا النَّاسُ وَالْحِجَارَةُ عَلَيْهَا مَلَائِكَةٌ غِلَاظٌ شِدَادٌ لَا يَعْصُونَ اللَّهَ مَا أَمَرَهُمْ وَيَفْعَلُونَ مَا يُؤْمَرُونَ۞**<br>အို ယုံကြည်သော သူတို့၊ သင်တို့၏ ဉာဉ်စရိုက်များ၊ သင်တို့၏ ဝိုင်းသားများကို လူသား၊ ကျောက်သားများဖြင့် မွေးထားသော အပူမီးမှ ကင်းရန် စည်းစောင့်ကြလော့။ ယင်းကို ခက်ထန် ပြတ်သားသော နိမိတ်ဆောင်များက လွှမ်းမိုးထား၏။ ၎င်းတို့သည် ပရမတ်ဘုရားရှင်အား အာခံသည် မဟုတ်ချေ။ သူတို့အား မိန့်ညွှန်စီမံသည့် စီမံချက် အတိုင်း ကျင့်ကြံနေကြ၏။ |
| ၇။ | **يَا أَيُّهَا الَّذِينَ كَفَرُوا لَا تَعْتَذِرُوا الْيَوْمَ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۞**<br>အို ဖုံးကွယ်သော သူတို့၊ ဤနေ့ကာလ၌ အသနားမခံကြလင့်။ သင်တို့ ကျင့်ကြံခဲ့သော အရာသည် သင်တို့အတွက် အကျိုးရလဒ် ဖြစ်၏။ |
| ၈။ | **يَا أَيُّهَا الَّذِينَ آمَنُوا تُوبُوا إِلَى اللَّهِ تَوْبَةً نَّصُوحًا عَسَى رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّئَاتِكُمْ وَيُدْخِلَكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ يَوْمَ لَا يُخْزِي اللَّهُ النَّبِيَّ وَالَّذِينَ آمَنُوا مَعَهُ نُورُهُمْ يَسْعَى بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ يَقُولُونَ رَبَّنَا أَتْمِمْ لَنَا نُورَنَا وَاغْفِرْ لَنَا إِنَّكَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞**<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်၏ ထံတော်သို့ ခိုင်မြဲသော ခဝါချခြင်းဖြင့် ခဝါချကြလော့။ ကံကြမ္မာရှင်သည် သင်တို့အား သင်တို့၏ အကုသိုလ်များမှ ဖုံးကွယ်ပလပ်ပေးနိုင်ကောင်း၍၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသို့ ဝင်ရောက်စေနိုင်၏။ ဤနေ့ကာလ၌ ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်နှင့် သူနှင့်အတူရှိသည့် ယုံကြည်သော သူတို့အား အရှက်ရစေမည် မဟုတ်ချေ။ သူတို့၏ ရောင်ခြည်သည် သူတို့၏ မျက်မှောက် သူတို့ လက်ျာများမှ ရှိလျှက် "အို ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ရောင်ခြည်အား တပည့်တော်တို့အတွက် ပြည့်စုံစေပါပြီ။ တပည့်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ ဧကန်ပင် အရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်တော်မူပါ၏၊"ဟု ရင့်ကျူးကြလတ္တံ့။ |
| ၉။ | **يَا أَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنَافِقِينَ وَاغْلُظْ عَلَيْهِمْ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمَصِيرُ۞**<br>အို သတင်းတော်ဆောင်၊ ဖုံးကွယ်သူများနှင့် သီလကြောင်များအပေါ်၌ ရုန်းကန်လှုပ်ရှားလော့၊ သူတို့အား အစဉ်တစိုက် ဆန့်ကျင်လော့။ သူတို့၏ ဌာနသည် ငရဲဘုံဖြစ်၍၊ ယင်းသည် အကုသိုလ် ပန်းတိုင်ဖြစ်၏။ |
| ၁၀။<br><br>နူးဟ် နှင့် လု–တ် | **ضَرَبَ اللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا امْرَأَةَ نُوحٍ وَامْرَأَةَ لُوطٍ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا صَالِحَيْنِ فَخَانَتَاهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ اللَّهِ شَيْئًا وَقِيلَ ادْخُلَا النَّارَ مَعَ الدَّاخِلِينَ۞**<br>ဖုံးကွယ်သောသူတို့အတွက် ပရမတ်ဘုရားရှင် တည်ပေးသော ဥပမာမှာ နူးဟ်၏ အမျိုးသမီးနှင့်၊ လု–တ်၏ အမျိုးသမီးတို့ ဖြစ်၏။ သူတို့နှစ်ဦးသည် ငါ၏ အမှုတော်ဆောင် နှစ်ဦးဖြစ်သည့် ပြုပြင်ပြောင်းလဲသော အမှုတော်ဆောင်များ၏ လက်အောက်၌ ဖြစ်ခဲ့သော်လည်း၊ **သူတို့**အပေါ်၌ သစ္စာမဲ့ခဲ့၏။ သို့သော် သူတို့သည် ပရမတ်ဘုရားရှင်အား ဆန့်ကျင်ရန် စိုးစဥ်းမျှ မပြည့်စုံခဲ့ဘဲ၊ "အပူမီးသို့ ဝင်ရသူများနှင့် အတူ ဝင်ကြလော့၊"ဟုသာ အမိန့်ခံလိုက်ရ၏။ |

**(၁၀၆၆)** ကိုယ်တော်မုဟမ္မဒ်ထံတွင် ကြင်ဖေါ်အဖြစ် ပူးပေါင်းနေထိုင်သူများ၏ အရည်အချင်းကို ဤသုတ်တော်၌ တွေ့ရပေသည်။ ကိုယ်တော်က သူမတို့အား လမ်းခွဲလိုသော် လမ်းခွဲနိုင်ခွင့် ရှိသကဲ့သို့ သူမတို့ဘက်ကလည်း လမ်းခွဲလိုက လမ်းခွဲနိုင်ခွင့် ရှိပေသည်၊ ၃၃း၂၈။ သို့သော် ဤနေရာ၌ သတိထားရမည်မှာ– ကိုယ်တော်က လမ်းခွဲမည် ဆိုသော်လည်း လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲခန်းတွင် အဓိကလိုက်နာရမည့် စောင့်ဆိုင်းကာလကို ထည့်ပြောထားခြင်း မရှိချေ။ ထို့ကြောင့် ကိုယ်တော်၏ လမ်းခွဲခြင်းသည် ၃၃း၄၉ တွင် လမ်းခွဲခြင်းမျိုး ဖြစ်ကြောင်း ထင်ရှားပေသည်။ ကိုယ်တော်၏ ကြင်ဖေါ် **ဇောင်းဇွန်** များမှာလည်း ၅၆း၇ တွင် ဖေါ်ပြသော **ဇောင်းဇွန်** များ ဖြစ်ပေသည်။

| | |
|---|---|
| ၁၁။ | **وَضَرَبَ اللَّهُ مَثَلًا لِّلَّذِينَ آمَنُوا امْرَأَةَ فِرْعَوْنَ إِذْ قَالَتْ رَبِّ ابْنِ لِي عِندَكَ بَيْتًا فِي الْجَنَّةِ وَنَجِّنِي مِن فِرْعَوْنَ وَعَمَلِهِ وَنَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ ۞**<br>ယုံကြည်သော သူတို့အတွက် ပရမတ်ဘုရားရှင် တည်ပေးသော ဥပမာမှာ၊ ဖာရိုး၏ အမျိုးသမီးဖြစ်၏။ သူမက “အို ကံကြမ္မာရှင်၊ တပည့်တော်မ အတွက် အရှင့်အပါးရှိ ဥယျာဉ်တော်၌ အိမ်တော်တစ်ဆောင် တည်ပေးတော်မူပါ၊ ဖာရိုး နှင့် သူ့အကျင့်အကြံများမှ တပည့်တော်မအား ကယ်နုတ်တော်မူပါ။ အဝိဇ္ဇာသင့်သော လူမျိုးမှလည်း ကယ်နုတ်တော် မူပါ၊”ဟု လျှောက်ထား၏။ |
| ၁၂။ | **وَمَرْيَمَ ابْنَتَ عِمْرَانَ الَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهِ مِن رُّوحِنَا وَصَدَّقَتْ بِكَلِمَاتِ رَبِّهَا وَكُتُبِهِ وَكَانَتْ مِنَ الْقَانِتِينَ ۞**<br>အင်မရမ်၏ သမီးတော် မာရိသည်လည်း၊ သူမ၏ ကိုယ်အင်္ဂါကို ကာမစည်းစောင့်သူ ဖြစ်၏။ သို့ဖြင့် ထို၌ ငါ၏ ဉာဏ် စဉ်ကို သက်ဝင်စေ၏။[၁၀၆၇] သူမသည် သူမ ကံကြမ္မာရှင်၏ စကားတော်နှင့် အရှင်၏ ကျမ်းတော်ကို ဖြောင့်မှန်စွာ လက်ခံ၏။ သူမသည်ကား ရိုကျိုးနာခံသူတို့မှ ဖြစ်၏။ |

---

(၁၀၆၇) ဤသုတ်တော်ရှိ **ဖီးဟိ فِيهِ** ဆိုသော စာလုံးကို ဆရာတော်ကြီး အများစုက **သူမထံသို့** ဘာသာပြန်ဆိုကြလျက် မာရိထံသို့ အရှင်၏ **ရူးဟ်**ကို သက်ဝင်စေခြင်းဖြင့် ယောကျ်ားမရှိဘဲ ကိုယ်ဝန်ဆောင်သည်ဟု ယုတ္တိမဲ့စွာ ဖွင့်ဆိုကြပေသည်။ ယုတ္တိကို မိရိုးဖလာ ယုံကြည်ချက်ဖြင့် အာခံ ၍ မရပေ။ ထိုသို့အာခံရန်လည်း ကျမ်းမြတ်ကုရ်အာန်၌ သွန်သင်ထားခြင်း မရှိချေ။ **ဖီးဟိ فِيهِ** ၏ အဓိပ္ပါယ်မှာ သူ့ထံသို့၊ သူ့၌၊ ထိုအရာ၌ ဟူသော ဖိုနမ်စားသာ ဖြစ်ကြောင်း အာရဗီစာ တတ်သူတိုင်း သိကြပေသည်။ ဆိုလိုသည်မှာ ထိုအရာ၏ အပေါ်၌ ဟု စည်းစောင့်ခြင်းတည်းဟူ သော အကျင့် စာရိတ္တကို ပြောဆို၍ ထိုစည်းစောင့်ခြင်း၌ စည်းစနစ်တကျ ဖြစ်စေရန် ပရမတ်ဘုရားရှင်က အသိဉာဏ်ပေးခဲ့သည်ဟု ဖြစ်ပေသည်။
အချို့ဆရာတော်တို့ကမူ ဖာရိုး၏ အမျိုးသမီးနှင့် မာရိတို့အားဖြင့် ဥပမာ ပေးခံရသော ယုံကြည်သူများကို ဆိုလိုခြင်း ဖြစ်သည်ဟု လည်းကောင်း၊ အချို့သော ဆရာတော်များကလည်း မာရိမှ မွေးသော ကိုယ်တော် ယေရှုအား ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော် ကိန်းသက်ပေးခြင်း ဖြစ်သည်ဟု ဖွင့်ဆို ကြပေသည်။ **ရူးဟ်** ဆိုသည်မှာ သက်ရှိ ဖြစ်တည်စေမည့် အသက်ဝိညာဉ် မဟုတ်ကြောင်း လူသား၏ အသိကွန့်မြူးနိုင်မည့် ဉာဏ်စဉ် သို့မဟုတ် ဉာဏ်စဉ်ရ လူသားကို ဂုဏ်ပေးခေါ်ဆိုသော ဘွဲ့သာလျှင် ဖြစ်ကြောင်းကို ၂း၈၇ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်သည် ယုတ္တိမဲ့ ဒဏ္ဍာရီများကို သွန်သင်ခြင်း မရှိချေ။ ကျမ်းတော်တွင် ကိုယ်တော်မုဟမ္မဒ်အား **ရူးဟ်** ဉာဏ်စဉ်ကို **ဝဟီ** ဈာန်အာရုံ သက်ဝင်စေခဲ့ပြီဟု လည်း ကောင်း ၄၂း၅၂။ လူသားစင်စစ်ဖြစ်သော ကိုယ်တော်ယေရှုအား အရှင့်ထံမှ **ရူးဟ်** ဖြစ်သည်ဟု လည်းကောင်း ၄း၁၇၁။ မာရိအား သားရတနာ လာ ပေးသော ပကတိ လူသား ရစူလ် ဉာဏ်စဉ်ဆောင်ကို **ရူးဟ်** ဖြစ်သည်ဟု လည်းကောင်း ၁၉း၁၇– လူသား အားလုံးအား **ရူးဟ်** ဉာဏ်စဉ် သက်ဝင် စေသည်ဟုလည်းကောင်း ၃၂း၉ အတိအကျ ဆိုထားပေသည်။ ထို့ကြောင့် အီဆာခေါ် ယေရှုတစ်ပါးတည်းသာ **ရူးဟ်** ဖြစ်၍၊ သူ့မိခင်က သူ့အား ဖိုမျိုးစေ့မရှိဘဲ **ရူးဟ်** အားဖြင့် မွေးဖွားလိုက်သည်ဟု ဆိုခြင်းမှာ ခရစ်ယာန်တို့၏ အယူအဆသာ ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ထိုကဲ့သို့ သွန်သင်ညွှန်ပြထားခြင်း လုံးဝ မပါဝင်ပေ။ ကြင်ယာကြင်ဘက် မရှိဘဲ ကလေးမမွေးဖွားနိုင်ဟူသော နိယာမကိုသာ ၆း၁၀၁ တွင် တိတိကျကျ ပြဋ္ဌာန်း ထားပေသည်။